

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုရှည်

# ပုရာကျနိုး၆၀

နွှဦးလေပြည်

# အခန်း(၁)

ဆောင်းတွင်းကာလမို့ နံနက်နေမြင့်သည် အထိ အေးချမ်းပြီး ဆောင်းလေအေးက တသုန်သုန် ပက်ဖျန်းနေသည် ။

သစ်ရိုပ်၊ ဝါးရိုပ်တွေဖြင့် စိမ့်နေသော မီးဖိုဆောင်ထဲမှာ မိန်းမလှလေးသုံးဦးနှင့် အသက်ငါးဆယ် ကျော် အဒေါ်ကြီးတစ်ယောက်က ထမင်းစားပွဲမှာ ဝိုင်းထိုင်နေကြသည် ။

သူတို့ လေးဦးရဲ့ မျက်နှာသွင်ပြင်က အပြင်က ရာသီဥတုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည် ။ အပြင် မှာ အေးသလောက် သူတို့ ရဲ့ ရင်ထဲမှာ ပူလောင်နေသည် ဆိုတာ သူတို့ မျက်နှာတွေက ဖော်ပြနေသည် ။

"မကြီးခိုင်ရေ၊ မြိုင်တို့ ဘယ်လိုဆက်ပြီး နေကြရမှာ လဲဟင်"

"မကြီးခိုင်လည်း တတ်နိုင်သလောက် လုပ်နေတာလဲကွယ်"

"ဝင်ငွေက လုံးဝပြတ်သွားပြီ၊ ဒီလိုပဲ ရှိတာလေးကို ထုခွဲပြီးစားနေရင် နောက်ကျရင် စရိတ်လုံးဝ မရှိတဲ့ အခါ ဘယ်လိုလုပ်မှာ လဲ"

"ဟုတ်ပါတယ် ဒေါ်တင်ရယ်၊ ခိုင်လည်း အဲဒါကိုပဲ စဉ်းစားနေတာ"

"တစ်နေ့ တစ်နေ့ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်တို့ နဲ့ ပဲ နှစ်ပါးသွားနေရတာ လှိုင်ကိုယ်တိုင် လူမှ ဟုတ်သေးရဲ့ လားလို့ ထင်နေပြီ"

"ဒီကောင်မလေးက ပြောတော့မယ်၊ လူမဟုတ်လို့ မင်းက ဘာလဲ"

မေသဇင်မြိုင်က မေသဇင်လှိုင်ကို မျက်စောင်းထိုးပြီး မာန်မဲလိုက်သည်။

"လှိုင်ကိုယ်တိုင် ယုန်လေးနဲ့ တူနေပြီလားလို့ ထင်မိလို့ ပါ မမမြိုင်ရယ်"

မေသဇင်ခိုင်၊ မေသဇင်မြိုင်နှင့် မေသဇင်လှိုင်တို့ ဟူသော ညီအစ်မသုံးယောက်အနက် မေသဇင် ခိုင်က အကြီးဆုံးပါ။ မေသဇင်မြိုင်က အလတ်ဖြစ်ပြီး မေသဇင်လှိုင်က အထွေးဆုံးဖြစ်သည်။

အကြီးနှစ်ယောက်က ဆယ်တန်းအောင်ပြီးဖြစ်သည် ။ အငယ်ဆုံး မေသဇင်လှိုင်က ကိုးတန်း ကျောင်းသူလေးပါ။

"မကြီး အလုပ်တစ်ခုခု ထွက်လုပ်ချင်တယ်"

"ဆယ်တန်းအောင်ရုံနဲ့ ဘာအလုပ်ရမှာ လဲ မကြီးခိုင်ရယ်"

အလတ်မ မေသဇင်မြိုင်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ရတဲ့ အလုပ် လုပ်ရမှာ ပေါ့"

"ဖေဖေက ခွင့်ပြုမှာ မဟုတ်ဘူး "

"ဖေဖေက ဖြစ်နေတဲ့ အခြေအနေမှန်ကို မမြင်သေး၊ မသိသေးတာ၊ ဖေဖေ့ရဲ့ ခွင့်ပြုချက်က အရေးမကြီးပါဘူး"

"မကြီးခိုင်"

"ဘာလဲလှိုင်"

"မေမေက တကယ်သေသွားပြီလား"

မေသဇင်လှိုင်က မျက်နှာညှိုးညှိုးလေးနှင့်မေးသည် ။ သူ့စကားကြောင့် အားလုံး မျက်နှာညှိုး သွားကြသည် ။

"အသက်ထင်ရှားသာရှိနေရင် မေမေ ဒီလိုပဲပြောပြီး မကြီးတို့ ကို ပစ်ထားမှာ မဟုတ်ပါဘူး"

"ဖေဖေကတော့ လက်မခံဘူး၊ မေမေ အသက်ရှင်လျက် ရှိသေးရင် တစ်နေ့ပြန်လာမယ် ပြောနေ တာပဲ"

"သူစိတ်ချမ်းသာသလို ပြောပါစေကွယ်"

"မေမေ့ကို အရမ်းလွမ်းတယ်၊ လှိုင်တို့ နဲ့ မေမေခွဲသွားတာ နှစ်နှစ်တောင်ကျော်ပြီနော်"

"ဟုတ်ပါတယ်ကွယ်၊ မကြီးတို့ အားလုံးထက် မေမေ့ကို တမ်းတနေတာ ဖေဖေပဲ"

"ဖေဖေ့ကို လှိုင်သနားတယ်"

"အေးလေ. . .ဘာတတ်နိုင်မှာ လဲ၊ အခြေအနေတွေက ဒီလိုဖန်တီးလာပြီကိုး၊ မကြီးတို့ မှာ လွမ်းရေးထက် ဝမ်းရေးက အခက်ကြုံ လာပြီ"

"ဟုတ်တယ် မကြီးရယ်၊ ဟင်းကောင်းကောင်း ကို မစားရတာ ဘယ်လောက်ကြာပြီလဲ"

"ရှုံးပြီးရင်းရှုံးလို့ ပွဲရုံကြီးကို ပိတ်လိုက်တာရော ကြာပြီလေ"

"ဖေဖေ့ကို ဒီအကြောင်းတွေ ပေးသိလိုက်ပါလား မကြီးခိုင်ရယ်"

"မတတ်သာတဲ့ အဆုံးမှ ပေးသိချင်တယ်"

"ဒါဆို ဘာဆက်လုပ်မှာ လဲ မကြီးရယ်"

"မကြီး အလုပ်တစ်ခုခု ရှာမယ်လေ"

"အလုပ်ရဖို့ ကလည်း အတော်ခက်ခဲလိမ့်မယ်"

"ဒေါ်လေးသိမ့်ကို အကူအညီတောင်းရမှာ ပဲ"

"ကိုအောင်မျိုးဝင်းတောင် အိမ်မလာတာ ကြာပြီနော်"

"ဟုတ်ပါရဲ့ ၊ မလတ် မြိုင်နဲ့ ရော တွေ့သေးလား"

မေသဇင်မြိုင်၏ မျက်နှာလေး ရဲခနဲ ဖြစ်သွားသည် ကို မေသဇင်ခိုင်က သတိပြုမိသည် ။

"လွန်ခဲ့တဲ့ သုံးလေးရက်က တွေ့တယ်၊ သူရန်ကုန်သွားမယ်ပြောတယ်"

"ဟုတ်လား၊ လှိုင်တို့ ကိုတောင် နှုတ်ဆက်မသွားဘူး၊ မလတ်ကိုပဲ ရွေးနှုတ်ဆက်သွားတာပေါ့ နော်"

"မဟုတ်ပါဘူးဟယ်၊ ဈေးသွားရင်းနဲ့ လမ်းမှာ တွေ့လို့ နှုတ်ဆက်သွားတာပါ"

"ဒေါ်လေးသိမ့်ဆီ မရောက်တာတောင်ကြာပြီ၊ ညနေကျရင် သွားဦးမှ ထင်တယ်"

"ညနေစောင်းကြီး မသွားပါနဲ့ ကွယ်၊ အပြန်မှောင်တယ်၊ သွားချင်င် မနက်ပိုင်းသွားပါလား"

ဒေါ်တင်က ညနေစောင်းမှာ အပြင်မထွက်စေချင်၍ ပြောသည် ။ မိခင်မရှိသည့်နောက်ပိုင်း ဒေါ်တင်ကပဲ သူတို့ ကို ကြည့်ရှုစောင့်ရှောက်ပေး၍ ဒေါ်တင်၏ စကားကို အားလုံးက နားထောင်ကြ ပါသည် ။

"ဒါဆို မနက်ဖြန်မနက် သွားလိုက်မယ်"

"သမီးကြီးရေ သမီးကြီး"

"ဟော . . . ဖေဖေ နိုးပြီ၊ မကြီးခိုင်ကိုခေါ်နေပြီ"

"ဒေါ်တင်ရေ၊ ဖေဖေ့အတွက် ကော်ဖီနဲ့ မုန့် ယူခဲ့ပါနော်"

"အေးပါကွယ်"

သူတို့ ညီအစ်မတစ်တွေက ထမင်းကြမ်းနှင့် အကြော်လေးတစ်ခုစီနှင့် ရေနွေးကြမ်းသောက်ပြီး နံနက်စောစောစာ ဝမ်းမိုက်ပြသနာကို ဖြေရှင်းခဲ့သော်လည်း ဖခင်အတွက်တော့ ကော်ဖီနှင့်မုန့် ကောင်းကောင်းကို စီစဉ်ပေးသည်။

မျက်စိနှစ်လုံး အလင်းကွယ်ပြီး မမြင်ရှာသော ဖခင်ကြီးအတွက် အကောင်းဆုံးဆိုတာတွေကိုသာ စီစဉ်ပေးကြသည်။ မေသဇင်ခိုင်က ဖခင် ဦးသင်းမြတ်အခန်းသို့ ဝင်လိုက်သည်။

တောင်ဝှေးရဲ့ အကူအညီနှင့် ဖခင်ကြီးက အခန်းဝကို လျှောက်လာနေသည်။

"ဖေဖေ မျက်နှာသစ်တော့မလား"

"အင်း"

ဦးသင်းမြတ်ကို မျက်နှာသစ်ပေးပြီး ထမင်းစားခန်းဆီသို့ တွဲခေါ်လာသည်။ ထမင်းစားပွဲမှာ ဦးသင်းမြတ်ကို ထိုင်စေလိုက်သည်။

"သမီးတို့ ရော စားပြီးပြီလား"

"ပြီးပါပြီ ဖေဖေ"

"အင်း. . .ဖေဖေက အိပ်ရာထ နောက်ကျသွားတယ်"

"အိပ်ရေးဝဝအိပ်တော့ အားရှိတာပေါ့ ဖေဖေရယ်"

"သမီးလေးလှိုင် ကျောင်းသွားပြီလား"

"ဒီနေ့ ကျောင်းပိတ်တယ်လေ ဖေဖေရဲ့ "

"ဩော်. . .ဟုတ်လား၊ ရက်တွေ လတွေလည်း ပြက္ခဒိန်မကြည့်နိုင်တော့ မသိနိုင်တော့ပါဘူး ကွယ်"

"ဖေဖေ့ကို ခိုင်ပြောပြပါတယ် ဖေဖေရယ်"

"ဟုတ်ပါတယ် သမီးရယ်၊ ဖေဖေက မျက်စိမမြင်ရပေမဲ့ သမီးတို့ က ဖေဖေရဲ့ မျက်စိပါပဲကွယ်၊ ဖေဖေသိချင်တာကို မြင်ရသလို ခံစားရအောင် သမီးတို့ က ပြောပြတာပဲ"

ဖခင်ရဲ့ သနားစဖွယ်စကားကြောင့် သူတို့ အားလုံး စိတ်မကောင်းဖြစ်သွားကြသည် ။

စားသောက်ပြီး ဦးသင်းမြတ်က သူ့အခန်းကို ပြန်မယ်ဆို၍ လိုက်ပို့ပေးသည် ။

"သမီးတို့ အလုပ်ကို ရှိတာလုပ်ကြ၊ ဖေဖေ့ကို တရားခွေသာ ဖွင့်ပေးခဲ့နော်"

"ဟုတ်ကဲ့ ဖေဖေ"

"သမီးတို့ မေမေမရှိတော့ ချက်ရေးပြုတ်ရေးကို ဒေါ်တင်နဲ့ သမီးပဲ စီစဉ်ရတာဆိုတော့ သမီးကြီး ပင်ပန်းနေပြီပေါ့"

"မပင်ပန်းပါဘူး ဖေဖေ"

ဦးသင်းမြတ်တစ်ယောက်အတွက်သာ ကောင်းနိုးလျှာလျှာ ဟင်းလျာများ ချက်သည် ကို ဦးသင်း မြတ်က မသိရှာပါ။ ဟင်းကောင်းဟင်းလျာ တစ်မယ်ပင် ချက်နေသည် ထင်ပြီး ပြောလိုက်သောစကားက မေသဇင်

ခိုင်ရဲ့ ရင်ကို နင့်စွာခံစားစေလိုက်သည် ။

"ကဲ. . .သမီးကြီး သွားတော့"

"ဟုတ်ကဲ့၊ ဖေဖေ လိုချင်တာရှိရင် ခေါင်းလောင်းတီးလိုက်နော်"

"အေးပါကွယ်"

မေသဇင်ခိုင်က ချက်ပြုရမည့်ပုံစံနှင့် ဖခင်ရဲ့ အခန်းမှ ထွက်လာခဲ့သည် ။ မီးဖိုထဲကအလုပ်က ဒေါ်တင်တစ်ယောက်တည်းနှင့် လုံလောက်နေသည် မို့ လျှော်ပြီးအဝတ်တွေကို မီးပူထိုးလိုက်သည် ။

လူမှန်းသိတတ်သည့် အချိန်မှ စပြီး ပြည့်စုံကြွယ်ဝစွာနေခဲ့ရပြီး၊ ယခုလို ဆင်းရဲဒုက္ခရောက်ရသည့် အဖြစ်ကို ရင်နှင့်စွာတွေးရင်း သာယာချမ်းမြေ့သောဘဝကို ပြန်လည်တမ်းတမိသည် ။

***

# အခန်း(၂)

ချမ်းသာသော ဆွေကြီးမျိုးကြီး ကုန်သည် မျိုးရိုးက ဆင်းသက်လာသော ဦးသင်းမြတ်သည် လည်း အောင်မြင်သော စီးပွားရေးသမား ဖြစ်နေပါသည် ။

အရွယ်ရောက် လာပြီး အလွန်ချောမောလှပသော ဒေါ်ရွှေစင်နှင့် ချစ်ကြိုက်ပြီး အိမ်ထောင်ကျခဲ့ သည် ။

သမီးသုံးယောက် ထွန်းကားခဲ့ပြီး အလွန်သာယာချမ်းမြေ့သော အိမ်ထောင်စုလေးတစ်စုအဖြစ် တည်ရှိနေခဲ့သည် ။ ဒေါ်တင်က မေသဇင်ခိုင် တို့ ငယ်စဉ်ကတည်းက အိမ်မှာ အလုပ်လုပ်ခဲ့သည် ။

ဒေါ်ခင်သိမ့်၏ ခင်ပွန်း ဦးသာမြင့်နှင့် ဦးသင်းမြတ်တို့ သည် ငယ်သူငယ်ချင်းတွေမို့ နှစ်မိသားစု က တရင်းတနှီးရှိခဲ့သည် ။

မေသဇင်ခိုင် ရှစ်တန်းနှစ်မှာ ဖခင် ဦးသင်းမြတ်နှင့် ဦးသာမြင့်တို့ စီးပွားရေးကိစ္စဖြင့် အတူခရီး ထွက်သွားကြသည် ။

ဦးသင်းမြတ်တို့ ခရီးသွားပြီး လေးငါးရက်အကြာမှာ သတင်းဆိုးကြီး တစ်ခုက သူတို့ ရဲ့ ချမ်းမြေ့ ပျော်ရွှင်နေသော မိသားစုကို ဝင်ရောက်တိုက်ခိုက်ပါတော့သည် ။

ဦးသင်းမြတ်တို့ တည်းခိုသောအိမ်မှာ မီးလောင်ပြီး လောင်စာပေါက်ကွဲမှုကြောင့် ဦးသာမြင့်က ထိုနေရာတွင် ကွယ်လွန်ပြီး ဦးသင်းမြတ်က မျက်စိနှစ်လုံး အလင်းပျောက်ခဲ့ရသည် ။

လင်ယောကျ်ားကိုသာ မှီခိုအားထားနေသော ဒေါ်ရွှေစင်မှာ ဆောက်တည်ရာမရအောင် ဖြစ်ခဲ့ သည် ။ ပွဲရုံလုပ်ငန်းနှင့် ဦးသင်းမြတ်ရဲ့ စီးပွားရေးလုပ်ငန်းမှန်သမျှကို လက်ရှိမန်နေဂျာကိုသာ အားကိုးနေရသည့်အဖြစ်ပါ။

စိတ်ဓာတ်ကျနေသော လင်ယောကျ်ားကို လိုလေသေးမရှိအောင် ပြုစုခဲ့သည် ။ ဦးသင်းမြတ် လုပ်ကိုင်သလောက် စီးပွားရေးက မအောင်မြင်သော်လည်း ပုံမှန်ဝင်ငွေရနေသဖြင့် အိမ်က စားဝတ် နေရေးနှင့် ကိစ္စအဝဝက ပြေလည်နေသည် ။

ဦးသင်းမြတ် မျက်စိကွယ်ပြီး နှစ်နှစ်လောက်ကြာမှ ဒေါ်ရွှေစင်ရဲ့ အဒေါ် ရန်ကုန်မှာ ကွယ်လွန် သွားသည် ။

"ကိုမြတ်ရေ ဒေါ်ဒေါ်ရဲ့ အသုဘကို ကျွန်မသွားချင်တယ်"

"အင်း. . .သွားရမှာ ပေါ့၊ ရွှေစင့်မှာ ဆွေမျိုးသားချင်းဆိုလို့ ဒီအဒေါ်တစ်ယောက်ပဲ ရှိတော့တာ မဟုတ်လား"

"သွားသာ သွားရမှာ ၊ ကိုမြတ်နဲ့ ကလေးတွေကို စိတ်မချဘူး"

"ဘာစိတ်မချစရာရှိလဲကွယ်၊ စိတ်ဖြောင့်ဖြောင့်သာသွားပါ၊ အိမ်မှာ တစ်နေ့တစ်နေ့ ရွှေစင် ပင်ပန်းနေပြီ၊ ရောက်တုန်းရောက်ခိုက် ဟိုမှာ ကြာကြာလေးနေနော်"

"မလွှဲသာလို့ သာ သွားရမှာ ၊ စိတ်မချတာကတော့ အမှန်ပဲ"

"ကြည်ကြည်ကို အဖော်ခေါ်သွား၊ ဟိုရောက်တာနဲ့ အိမ်ကို ဖုန်းဆက်

ဦးနော်"

"ဟုတ်ကဲ့ပါ ကိုမြတ်ရယ်"

ဒေါ်ရွှေစင်က ကြည်ကြည်ကို အဖော်ခေါ်ပြီး ရန်ကုန်ကို အဝေးပြေး လိုင်းကားနှင့် ထွက်ခဲ့သည် ။ အိမ်ကိုလည်း အားကိုးရပြီဖြစ်နေသော သမီးကြီးကို အပ်ခဲ့သည် ။

"သမီးကြီး ဖေဖေ့ကို သေသေချာချာ ဂရုစိုက်ဦးနော်"

"စိတ်ချပါ မေမေရယ်၊ စိတ်ဖြောင့်ဖြောင့်သွားပါ၊ မေမေပင်ပန်းနေတာကြာပြီ၊ ဟိုမှာ နားနား နေနေ နေပါနော်"

"အေးပါကွယ်"

ဒေါ်ရွှေစင်သည် သေးသေးသွယ်သွယ်နှင့် လှပချောမွေ့ဆဲပါ။ အမြဲလိုလို ရတနာတွေ ဝတ်ဆင် ထားပြီး လှပထည်ဝါနေသည် မှာ လည်း အမှန်ပါ။

ခရီးသွားသည့်အခါမှာ လည်း လက်ဝတ်လက်စားတွေကို ဝတ်မြဲအတိုင်း ဝတ်သွားသည် ။ သမီး တွေကလည်း အမေကို ဝတ်စားမသွားရန် သတိမပေးမိပါ။ ဦးသင်းမြတ်ကလည်း မျက်စိကွယ်နေသူပီပီ ဒေါ်ရွှေစင် ဝတ်စားထားသည် ကို မမြင်၍ သတိမပေးမိပါ။ ဒေါ်ရွှေစင်နှင့် ကြည်ကြည်တို့ က ရန်ကုန်ကို ထွက်သွားကြပါပြီ။

လမ်းခုလတ်မှာ ကားပျက်သဖြင့် အလွန်စိတ်ပျက်နေကြသည် ။ ကားကပြင်ဆင်ရန် အတော်ကြာ မည်မို့ ကားပေါ်ဆင်းပြီး အရိပ်ကောင်းသော သစ်ပင်အောက်မှာ နားကြသည် ။

"ကြည်ကြည်ရယ် အသုဘမီအောင် ရန်ကုန်ကို အမြန်ရောက်ချင်ပါတယ်ဆိုမှ ကားကပျက်ရ သေးတယ်"

"ဟုတ်ပါရဲ့ မမကြီးရယ်"

သူတို့ သုံးနာရီလောက်ကြာအောင် စောင့်နေသော်လည်း ကားက ပြန်မကောင်းသေးပါ။ ကြည်ကြည်က ကားဆရာကို သွားမေးပြီး စိတ်ဓာတ်အလွန်ကျသွားသည် ။

"ကားက ဒီညပြန်မကောင်းနိုင်ဘူးတဲ့ ၊ သေချာတာကတော့ ဒီည ကြည်ကြည်တို့ ဒီနေရာမှာ ပဲ အိပ်ရလိမ့်မယ်"

"ဒုက္ခပါပဲဟယ်. . .အသုဘတောင်မီပါ့မလား မသိဘူး"

အချိန်ကာလက မှောင်မိုက်နေသည် မို့ သစ်ပင်အောက်မှာ လည်း မှောင်နေသည် ။ သူတို့ ဘေးဘီ မှာ လည်း ခရီးသည် အချို့ ရှိနေကြသည် ။ ခရီးသည် ထဲတွင် ပါလာသော ရုပ်ရည်ခပ်ကြမ်းကြမ်းနှင့် ယောကျ်ားနှစ်ယောက်က ဒေါ်ရွှေစင်ရဲ့ ရတနာများကို သတိပြုမိကြသည် ။ တစ်ယောက်နဲ့ တစ်ယောက် လက်တို့ ပြီး လူသူရှင်းသည့်နေရာကို ရှောင်ထွက်ခဲ့သည် ။

"ဟို . . .ချောချော အမျိုးသမီးကြီးရဲ့ လက်ဝတ်ရတနာတွေက သွားရည်ကျစရာကြီးပဲကွ"

"ဟုတ်လား၊ ကားပျက်တာ အခွင့်အရေးကောင်းတစ်ခုပဲ"

"ဒါဆို ငါတို့ ဘယ်လိုကြံဖန်ကြမလဲ"

"ဒီလိုလုပ်မယ်၊ ငါကြုံရာကားနဲ့ လိုက်သွားပြီး ကားစီစဉ်လိုက်မယ်"

"ဘာလဲ မင်း သူငယ်ချင်းဆီက ကားသွားငှားမလို့ လား"

"အေးလေကွာ၊ လူရော ကားရောခေါ်ခဲ့ပြီး ကြံဖန်ကြတာပေါ့"

"သူ့ကားက တရားမဝင်ဘူးနော်၊ ရန်ကုန်ဝင်လို့ ရပါ့မလား"

"ဘယ်သူက ရန်ကုန်အထိသွားမှာ လဲ တုတ်ကြီးရာ"

"ဟုတ်ပြီ ဘပု၊ မင်း ညဏ်ပြေးတယ်၊ မင်းစီစဉ်ခဲ့၊ ငါဒီမှာ စောင့်နေမယ်"

"ကောင်းပြီ"

ဘပုက မိတ္ထီလာကို ရောက်အောင်သွားပြီး ကားစီစဉ်ကာ ပြန်လာခဲ့သည် ။ တုတ်ကြီးက ကျန်ရစ် ခဲ့ပြီး ဒေါ်ရွှေစင်တို့ အား ချဉ်းကပ်ပြီး စကားရောဖောရောနေသည် ။

"ဒီက အစ်မကြီးတို့ က ရန်ကုန်ရောက်ဖို့ အရင်လိုနေပုံပေါ်တယ်"

"ဟုတ်တယ်၊ ဟိုမှာ အဒေါ်ရဲ့ အသုဘမီချင်လို့ လေ"

"ကျွန်တော်လည်း အရေးတကြီး ရန်ကုန်ပြန်စရာရှိတယ်၊ ဒါကြောင့် ဒီလိုကားနဲ့ မဖြစ်ဘူး၊ မစောင့်နိုင်လို့ သူငယ်ချင်းကို ကားသွားရှာခိုင်းထားတယ်၊ ကားကြုံရှိရင် လိုက်သွားမလို့ "

"ဟင်. . .ဟန်ကျလိုက်တာနော်"

"တကယ်လို့ ကားကြုံရင် အစ်မတို့လိုက်ချင်လား"

"လိုက်ချင်တာပေ့ါ၊ ခေါ်ရင် ကျေးဇူးပါပဲကွယ်"

စိတ်တွင်းကောင်းပြီး ရိုးသားသော ဒေါ်ရွှေစင်က အပြင်လောကတွင် လူလိမ်လူကောက်တွေ ရှိသည် ဆိုတာကို သဘောမပေါက်၊ မသိရှာပါ ။

"ကြည့်မယ်လေ၊ လိုက်လို့ ရမယ်ဆိုရင် ကျွန်တော်ခေါ်သွားပ့ါမယ်"

"အေးပါကွယ်"

တစ်နာရီနီးပါး ကြာသောအခါ ဘပုက ကားတစ်စီးနှင့် ရောက်လာ

သည် ။

"တုတ်ကြီးရေ ကားကြုံရတယ်၊ လာ သွားကြမယ်"

"နေဦး၊ ဒီက အစ်မကြီးတို့ နှစ်ယောက်ကိုပါ ခေါ်သွားလို့ ရမလား"

"ကားက ချောင်ပါတယ်၊ နှစ်ယောက်ဆိုရင် လိုက်လို့ ဖြစ်ပါတယ်"

ကားမောင်းသူက ထိုသို့ ပြောလိုက်သဖြင့် ဒေါ်ရွှေစင်က ဝမ်းသာသွားသည် ။

"ဒါဆို ကျေးဇူးပဲ၊ ကဲ. . .ကြည်ကြည်ရေ အိတ်တွေယူ၊ ကားပေါ်တင်ကြရအောင်"

ကားနောက်ဖုံးကို ဖွင့်ပေးသဖြင့် သူတို့ ၏ ခရီးဆောင်အိတ်တွေကို သယ်ယူခဲ့သည် ။ ကားထဲ ထည့်ပြီး သူတို့ ကားပေါ်ရောက်သည် နှင့် မောင်းထွက်ခဲ့သည် ။ ကျန်ခရီးသည် တွေက သူတို့ ရင်းနှီးကြသူ တွေထင်ပြီး ကားကြုံအတူစီးသွားသည် ဟု ထင်လိုက်ကြသည် ။

မှောင်မိုက်နေ၍ လမ်းဘေးမြင်ကွင်းတွေ မမြင်သော်လည်း အရှိန်မြင့်မားစွာ မောင်းနှင်နေသည် ဆိုတာပဲ သိလိုက်သည် ။

တစ်နာရီသာသာလောက် အကြာမှာ ကားက အဝေးပြေးလမ်းကနေ လမ်းဘေးတစ်လမ်းစီသို့ ကွေ့ဆင်းသွားသည် ကို မှောင်မိုက်နေ၍ ဒေါ်ရွှေစင်ရော ကြည်ကြည်ပါ သတိမပြုမိပါ။

သည် ခရီးကို မသွားတာကြာပြီမို့ ဒေါ်ရွှေစင်က သတိမပြုမိပါ။ တစ်ခါမျှမရောက်ဖူးရှာသော ကြည်ကြည်က ပိုပြီး မျက်စိသူငယ်ဖြစ်နေသည် ။

ကားက တုံ့ခနဲရပ်လိုက်တော့မှ ဒေါ်ရွှေစင်က မှောင်မိုက်နေသော

ဘေးဘီကိုဝေ့ကြည့်ပြီး အိမ်တွေကိုမတွေ့ဘဲ ဖြစ်နေသဖြင့် မေးလိုက်သည် ။

"ကျွန်မတို့ ဘယ်နေရာ ရောက်နေတာလဲဟင်"

"ကဲ. . .ကားပေါ်က ခဏဆင်းကြပါဦး"

"ကား ဘာဖြစ်လို့ လဲရှင်"

"ဆင်းဆို ဆင်းကြလေ"

ဘပုက ဟောက်လိုက်သဖြင့် ဒေါ်ရွှေစင်တို့ နှစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် ကားပေါ် က ဆင်းသည် ။

"ကဲ. . .ခင်ဗျားကိုယ်ပေါ်က လက်ဝတ်လက်စားတွေ ချွတ်လိုက်"

"ဟင်"

"မမကြီးရေ ကျွန်မတို့ ဓားပြတွေနဲ့ တွေ့နေပြီ၊ ဒုက္ခပဲ"

ကြည်ကြည်က အလန့်တကြားနှင့် တိုးတိုးတိတ်တိတ် ပြောရမည့်စကားကို အသံထွက်စွာ ပြောမိ သည် ။

"ဟုတ်တယ်၊ ခင်ဗျားတို့ ကို ဓားပြတိုက်နေတာ၊ စကားမများ နဲ့ ၊ လက်ဝတ်လက်စားတွေ မြန်မြန် ချွတ်လိုက်"

အမိန့်ပေးပြီး လက်ကပါလာသဖြင့် ရွှေစင်က ရုန်းကန်လိုက်သည် ။

ကြည်ကြည်က သူ့သခင်မကိုထိတော့ အစွမ်းကုန် ကာကွယ်လိုက်သည် ။ လူဆိုးတွေကို ဝင်လုံး သည် ။ လူဆိုးက ဓားနှင့်ထိုးလိုက်သဖြင့် ကြည်ကြည် ဓားချက်တစ်ချက် ချက်ကောင်းထိပြီး တစ်ချက် တည်း လဲကျသွားသည် ။

ကြည်ကြည့် အော်သံကြောင့် ကြည်ကြည့်ကို တိုက်ခိုက်သောသူကို

ဒေါ်ရွှေစင်က တအားတွန်း ပစ်လိုက်သည် ။ ထိုလူက ဆက်ပြီး ဓားနဲ့ ယမ်းလိုက်ရာ ဒေါ်ရွှေစင်၏ ဘယ်ဘက်ပါးကို ရှပ်ထိသွားပြီး တွန်းလိုက်သည့်အရှိန်ကြောင့် ဒေါ်ရွှေစင်က မြေပြင်ပေါ်လဲကျပြီး မြေပြင်က အုတ်ခဲနှင့် ခေါင်းဆောင့်မိ သွားပြီး သတိမေ့သွားသည် ။

"ကောင်မလေး အသက်မရှိတော့ဘူး"

"ဒါဆို မိန်းမကြီးဆီက ပစ္စည်းတွေ မြန်မြန်ချွတ်ကြ"

ဒေါ်ရွှေစင်ရဲ့ ကိုယ်ပေါ်က ပစ္စည်းတွေကို ချွတ်ယူလိုက်ကြသည် ။

"သူတို့ ကို ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာမှာ ထားခဲ့ရင် ကားပေါ်က တို့ ကိုမှတ်မိတဲ့ သူ ရှိနိုင်တယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"တစ်နေရာစီထားလိုက်မယ်၊ သယ်ခဲ့"

ကြည်ကြည်ရဲ့ အလောင်းကို တစ်နေရာမှာ ထားပြီး ဒေါ်ရွှေစင်ကိုလည်း တစ်နေရာတွင် ထားခဲ့ သည် ။ ဒေါ်ရွှေစင် အသက်သေဆုံးပြီထင်ပြီး ထားခဲ့ကြသည် ။

နောက်တစ်နေ့ နံနက်မိုးလင်းပြီးနောက် ဒေါ်ရွှေစင်က သတိရလာပြီး ဘေးဘီကို ဝေ့ဝဲကြည့် သည် ။ သူ့ဘေးပတ်ဝန်းကျင်မှာ ချုံနွယ်များကိုသာတွေ့ပြီး သူဘယ်ရောက်နေမှန်း မသိပါ။

"ဟင်. . .ဒါက ဘယ်နေရာလဲ"

စဉ်းစားရင်း ခေါင်းကနာကျင်၍ ခေါင်းကိုင်ကြည့်လိုက်တော့ သွေးစများကိုတွေ့သည် ။ ပါးပြင်က စပ်ဖျဉ်းဖျဉ်း နာကျင်နေသဖြင့် ကိုင်ကြည့်ကာ ဒဏ်ရာကို တွေ့ရပြန်သည် ။

"ဒဏ်ရာတွေပါလား"

ဘယ်ကဲ့သို့ကြောင့် သည် လိုဒဏ်ရာရသည် ကို တွေးကြည့်သော်လ ည်း အဖြေမပေါ်ပါ။ မူးဝေ နောက်ကျိနေ၏။ ဒယီးဒယိုင်နှင့် လျှောက်သွားရင်း တစ်နေရာအရောက်မှာ ပစ်လဲသွားသည် ။

ခရီးသွားသော ဇနီးမောင်နှံနှစ်ယောက်ကတွေ့ပြီး ဒေါ်ရွှေစင်ကို က ယ်ဆယ်ပြီး ဆေးကုသပေး၍ ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသွား သော်လည်း ဒေါ်ရွှေစင် အလွန်ထိတ်လန့်မှုနှင့် ထိခိုက်ခံရမှု ကြောင့် အ တိတ်ကို မမှတ်မိသလို စိတ်လည်း မမှန်ဖြစ်သွားသည် ။

ထိုဇနီးမောင်နှံကပဲ သနားပြီး ဒေါ်ရွှေစင်ကို ကယ်တင်ထားလိုက်သ ည် ။ ဒေါ်ရွှေစင်က ရန်ကုန် ရောက်ပြီးလျှင် တယ်လီဖုန်းဆက်မည်ဟု ပြောပြီး မဆက်သဖြင့် ရန်ကုန်ကို ဦးသင်းမြတ်က ဆက်ကြည့် သည် ။

ဒေါ်ရွှေစင်တို့ မရောက်လာကြောင်းသိရပြီး အလွန်စိတ်ပူသွားသည် ။ သက်ဆိုင်ရာကို တိုင်ကြား ပြီး အမှုဖွင့်ခဲ့သည် ။

ဒေါ်ရွှေစင်က ကူညီထားသော ဇနီးမောင်နှံနှင့်အတူ နယ်စပ်စွန်နယ် ဖျားကို ရောက်သွားပြီး ခြေရာခံ၍ မရအောင် ဖြစ်ခဲ့သည် ။

ကြည်ကြည်ရဲ့ အလောင်းကို ပုံပျက်နေတော့မှ တွေ့ရှိပြီး ဝတ်ထား သော အဝတ်အစားအရ ကြည်ကြည်မှန်း သိလိုက်ရသည် ။

ပျောက်ဆုံးနေသော မိခင်အတွက် တစ်မိသားစုလုံး သောကရောက် ခဲ့ရသည် ။ သေသည် ရှင်သည် မသိ၍ တစ်နေ့ပြန်လာနိုး မျှော်ကိုးသော် လည်း နှစ်နှစ်ကျော် ကြာသွားသည် အထိ ပေါ်မလာသဖြင့် ဦးသင်းမြတ် ကလွဲပြီး အားလုံး သေဆုံးသည် ဟု လက်ခံလိုက်ကြသည် ။

"မေမေ အသက်ရှင်ရက်ရှိသေးရင် ပြန်လာမှာ ပါ"

အတိတ်ကိုတွေးရင်း မိခင်ကို လွန်စွာလွမ်းဆွတ် တမ်းတစွာ ခံစားမိလိုက်သည် ။ မေသဇင်ခိုင်က ရှေ့ကို အိမ်ရဲ့ စီးပွားရေး အခြေအနေ ပိုပြီးကျပ်တည်းလာမှာ မို့ တွေးရင်း ရင်မောလေလေပါပဲ။

ယခု ပိုပြီး စားဝတ်နေရေး ကျပ်တည်းလာသဖြင့် အထွေးဆုံး ညီမလေး မေသဇင်လှိုင်ကို အသနားပိုရသည် ။

***